# အဘိဓမ္မာ အနှစ်ချုပ်

## အပိုင်း (၂)

# ESSENCE OF ABHIDHAMMA

## Part (II)

ဓမ္မသဟာယသာသနစင်တာ

**ဓမ္မပညာသင်တန်းကျောင်း**

အောင်ချမ်းသာရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

## သီလပညာ ပြည့်စုံအောင် ကြိုးစားပါ

သီလမေဝ ဣဓ အဂ္ဂံ၊

ပညဝါ ပန ဥတ္တမော။

မနုဿေသု စ ဒေဝေသု၊

သီလပညာဏတော ဇယံ။

ဤလောက၌ သီလသည်

အထက်တန်းကျ၏။

ပညာရှိလျှင် ပိုကောင်း၏။

လူနတ်အသိုင်းအဝိုင်း၌

အောင်မြင်မှုမှန်သမျှ

သီလနှင့်ပညာကြောင့်

ဖြစ်သည်။

ဓမ္မဒါန အလှူရှင်

အရှင်ဇဝန (တာမိုက်သာ)

ဓမ္မသဟာယသာသနစင်တာ

အောင်ချမ်းသာရွာ၊ ပြင်ဦးလွင်။

# အဘိဓမ္မာ အနှစ်ချုပ်

## အပိုင်း (၂)

- ကမ္မဝိဘတ္တိ
- ကမ္မဝိပါက
- ဝိပါကဘူမိ
- ဘုံ နှင့် ပဋိသန္ဓေ
- ကံ နှင့် ကမ္မဇရုပ်
- သေဆုံးခြင်း နှင့် ပြန်လည်မွေးဖွါးခြင်း

# (၁) ကမ္မ ဝိဘတ္တိ

## (၁) ကမ္မတရားကိုယ်

“ကမ္မ”ဟူသည် “ပြုလုပ်အပ်သောအမှု” ပင်တည်း၊ အမှုကို ပြုလုပ်စေသော အကြောင်းတရားကိုလည်း ကမ္မဟုပင်ခေါ်၏၊ ကမ္မ ကိုပင် မြန်မာဘာသာ၌ “ ကံ ” ဟု ဆိုသည် ။

ပြုလုပ်အပ်သော အမှုကို ကမ္မဟုခေါ်ရာ၌ ကမ္မသည် ၃-မျိုးရှိ၏၊ ၃-မျိုးကား -

(၁) ကာယကမ္မ = ကာယဖြင့် ပြုအပ်သော အမှု ၊

(၂) ဝစီကမ္မ = နှုတ်ဖြင့် ပြုအပ်သော အမှု၊

(၃) မနောကမ္မ = စိတ်ဖြင့် ပြုအပ်သော အမှု၊

မှတ်ချက်။ ။ ပြုလုပ်အပ်သော အမှုသည် ယေဘုယျအားဖြင့် ပြုလုပ်စေသော အကြောင်းကြောင့် ဖြစ်၏။ ထိုပြုလုပ်စေသော အကြောင်းကိုလည်း ‘ကမ္မ ’ဟု ခေါ်ရသည်။

## (၂) ပြုလုပ်စေသော အကြောင်းတရား

ပြုလုပ်စေသော အကြောင်းတရားကို ကမ္မဟု ခေါ်ရာ၌ ကမ္မ ကို ၂-မျိုး ခွဲခြားနိုင်၏ ။

(၁) စေတနာ

(၂) စေတနာပါဝင်သော တရားစု

(စေတနာသမ္ပယုတ္တဓမ္မ)

(၁) စေတနာကို ကမ္မ ဟု ခေါ် ရာ၌ မြတ်ဗုဒ္ဓ၏ စကားကို မှတ်သား ရမည်။

(က) "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊
စေတယိတွာ ကမ္မံ ကရောတိ ကာယေန
ဝါစာယ မနသာ " (အင်္ဂုတ္တရတိက)

"စေတနာကို ကမ္မလို့ ငါဆို၏ ၊ စေတနာဖြင့် စေ့ဆော်ပြီးမှ ကိုယ် , နှုတ် , စိတ် ဖြင့် ကမ္မကို ပြုလုပ်ခြင်း ဖြစ်သောကြောင့် ဖြစ်၏။

(ခ) ကမ္မပစ္စယောတိ ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊
စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော ။

ကုသိုလ်အကုသိုလ်ကံသည် ဝိပါက်ခန္ဓာ (ဝိပါက် စိတ် စေတသိက်များ)နှင့်ကမ္မဇရုပ်များအား ( နာနာက္ခဏိက ) ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏ ။

စေတနာသည် ယှဉ်ဖက်ဖြစ်သော တရားများ အား (သဟဇာတ) ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) စေတနာပါဝင်သော တရားစု (စေတနာ သမ္ပယုတ္တဓမ္မ) ကို ကမ္မဟုခေါ်ရာ၌ အင်္ဂုတ္တရ စတုက္ကနိပါတမှာ ပါရှိသော " စတ္တာရိမာနိ ဘိက္ခဝေ ကမ္မာနိ မယာ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒိတာနိ" စသော ကမ္မစတုက္က သုတ်များကို သာဓကအဖြစ် မှတ်ယူအပ်၏။

စေတနာပါဝင်သော တရားစုမှာ -

(က) အဘိဇ္ဈာ , ဗျာပါဒ , မိစ္ဆာဒိဋ္ဌိ (၃)မျိုး ၊
(ခ) အနဘိဇ္ဈာ , အဗျာပါဒ , သမ္မာဒိဋ္ဌိ (၃)မျိုး ၊
(ဂ) ဗောဇ္ဈင် (၇)ပါး ၊
(ဃ) မဂ္ဂင် (၈)ပါး ၊

စုစုပေါင်း ၂၁-ပါးသော တရားစုကိုလည်း ကမ္မဟု ခေါ်၏။

<u>မှတ်ချက်</u> ။ ။ မဂ္ဂင် ၈-ပါးဟု ဆိုရာ၌ လောကုတ္တရာ မဂ္ဂင် ဖြစ်လျှင် သမ္မာကမ္မန္တသည် ကာယကံ၊ သမ္မာဝါစာသည် ဝစီကံ၊ သမ္မာအာဇီဝသည် ကာယကံ , ဝစီကံ ၂-မျိုး တွင် ပါဝင်၏ ။ သမ္မာဒိဋ္ဌိ , သမ္မာသင်္ကပ္ပ , သမ္မာဝါယာမ , သမ္မာသတိ , သမ္မာသမာဓိ ဟု ဆိုအပ်သော တရား (၅)မျိုး သည် မနောကံ ။

## ကမ္မ အမျိုးအစားများ

### ကမ္မ ၂ - မျိုး

ကမ္မ (ကံ)သည် သဘာဝအားဖြင့် ကုသိုလ်ကံ၊ အကုသိုလ်ကံဟု ၂-မျိုး ကွဲပြား၏။

(၁) အကုသလကမ္မ (အပြစ်ရှိ၍ ဒုက္ခအကျိုးကို ဖြစ်စေ၏)

(၂) ကုသလကမ္မ (အပြစ်ကင်း၍ သုခအကျိုးကို ဖြစ်စေ၏)

ကုသိုလ်စိတ် ၂၁-ပါးနှင့်အတူဖြစ်သော စေတနာသည် ကုသလကမ္မ၊ အကုသိုလ်စိတ် ၁၂-ပါးနှင့်အတူဖြစ်သော စေတနာသည် အကုသလကမ္မ မည်၏။

အနဘိဇ္ဈာ , အဗျာပါဒ , သမ္မာဒိဋ္ဌိ ( ၃ ) ပါး၊ ဗောဇ္ဈင် ( ၇ )ပါး၊ မဂ္ဂင် (၈)ပါး - စုစုပေါင်း (၁၈)ပါးသည် ကုသလကမ္မ၊ အဘိဇ္ဈာ , ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ (၃)မျိုးသည် အကုသလကမ္မ မည်၏။

### ကုသလကမ္မကို ခွဲခြားခြင်း

(က) ကုသိုလ်ကံကို ဒွါရအားဖြင့် ခွဲခြားလျှင် (၃)မျိုးခွဲခြားရ၏။

(၁) **ကာယကမ္မ** (ကာယဝိညတ်ခေါ် ကာယဒွါရ၌ဖြစ်သောကြောင့် ကာယကံ)

(၂) **ဝစီကမ္မ** (ဝစီဝိညတ် ခေါ် ဝစီဒွါရ၌ဖြစ်သောကြောင့် ဝစီကံ)

(၃) **မနောကမ္မ** (မနောဒွါရ၌ဖြစ်သောကြောင့် မနောကံ)

(ခ) ကုသိုလ်ကံကို ဘုံအားဖြင့် ခွဲခြားလျှင် (၄)မျိုးခွဲခြားရ၏။

(၁) ကာမာဝစရ ကုသိုလ်ကံ (၈) ပါး

(၂) ရူပါဝစရ ကုသိုလ်ကံ (၅) ပါး

(၃) အရူပါဝစရ ကုသိုလ်ကံ (၄) ပါး

(၄) လောကုတ္တရ ကုသိုလ်ကံ (၄) ပါး

ထိုတွင် ကာမာဝစရ ကုသိုလ်ကံသည် ကာယ၊ ဝစီ၊ မနော - ဒွါရ ၃-မျိုးလုံး၌ ဖြစ်၏။ သို့သော် ရူပါဝစရ ကုသိုလ်ကံ , အရူပါဝစရ ကုသိုလ်ကံ , လောကုတ္တရ ကုသိုလ်ကံတို့မှာ မနောဒွါရ၌သာ ဖြစ်သည်။ သို့ဖြစ်၍ မနောကံ တစ်မျိုးသာ ရှိသည်။

ထို့ပြင် ကာမာဝစရ နှင့် ရူပါဝစရ ကုသိုလ်ကံ ၁၃ - ပါး ကို ပဋိစ္စသမုပ္ပါဒ်၌ ပုညာဘိသင်္ခါရဟု ခေါ်၏ ။ အရူပါဝစရ ကုသိုလ်ကံ ၄-ပါးကို အာနေဉ္ဇာဘိသင်္ခါရဟု ခေါ်၏။ လောကုတ္တရ ကုသိုလ်ကံသည် ပဋိစ္စသမုပ္ပါဒ် သင်္ခါရတွင် မပါဝင်။

(ဂ) ကုသိုလ်ကံကို ပုညကိရိယဝတ္ထုအားဖြင့် ခွဲခြားလျှင် (၁၀)မျိုး ခွဲခြားနိုင်၏။

(၁) ဒါန (စွန့်လှူခြင်း)

(၂) သီလ (ခံယူစောင့်တည်ခြင်းနှင့် ရှောင်ကြဉ်ခြင်း)

(၃) ဘာဝနာ (ကုသိုလ်ဖြစ်ပွားစေခြင်း)

(၄) အပစာယန (ရိုသေမှုပြုခြင်း)
(၅) ဝေယျာဝစ္စ (ထို ထိုကိစ္စကို ဆောင်ရွက်ခြင်း)
(၆) ပတ္တိဒါန (ကုသိုလ်ကို မျှဝေခြင်း)
(၇) ပတ္တာနုမောဒနာ (မျှဝေကုသိုလ်ကို ဝမ်းသာခြင်း)
(၈) ဓမ္မဿဝန (တရားဓမ္မကို နာယူခြင်း)
(၉) ဓမ္မဒေသနာ (တရားဓမ္မကို ဟောပြောခြင်း)
(၁၀) ဒိဋ္ဌိဇုကမ္မ (အမြင်ဖြောင့်မှု - သမ္မာဒိဋ္ဌိ)

မှတ်ချက် ။ ။ ပုညကိရိယ ဝတ္ထုအားဖြင့် ကုသိုလ်ကံကို ခွဲခြားရာ၌ တရားကိုယ်သည် စေတနာနှင့် သမ္မာဒိဋ္ဌိ ( ပညိန္ဒြေ ) ၂-မျိုးသာတည်း။

ကာမာဝစရ ကုသိုလ်ကံသည် ပုညကိရိယဝတ္ထု ၁၀-မျိုးလုံးနှင့် သက်ဆိုင်၏။ ရူပါဝစရ ကုသိုလ်ကံနှင့် အရူပါဝစရ ကုသိုလ်ကံ တို့သည် ဘာဝနာ တစ်မျိုးနှင့်သာ သက်ဆိုင်၏။

(ဃ) ကုသိုလ်ကံကို ကမ္မပထ အားဖြင့် ခွဲခြားလျှင် ၁၀-မျိုး ခွဲခြား၏။

(၁) ပါဏာတိပါတာ ဝေရမဏီ၊
(သတ္တဝါကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း)

(၂) အဒိန္နာဒါနာ ဝေရမဏီ
(မပေးသော ဥစ္စာကို ရယူခြင်းမှ ရှောင်ကြဉ်ခြင်း)

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊
(ကာမကိစ္စတို့၌ မှားယွင်းပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း)

(၄) မုသာဝါဒါဝေရမဏီ၊
(မှန်ကန်မှုမရှိသော အကြောင်းအရာကို အမှန်လုပ်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း)

(၅) ပိသုဏာယ ဝါစာယ ဝေရမဏီ၊
(ဂုံးတိုက်စကား ပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်း)

(၆) ဖရုသာယ ဝါစာယ ဝေရမဏီ၊
(ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း)

(၇) သမ္ဖပ္ပလာပါ ဝေရမဏီ၊
(အကျိုးစီးပွား ပျက်ပြားစေသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း)

(၈) အနဘိဇ္ဈာ ၊
(သူတပါးပစ္စည်း ရလိုမှုမျိုး မကြံစည်ခြင်း)

(၉) အဗျာပါဒ၊
(သူတပါး ပျက်စီးစေမှု ဒေါသမျိုး မရှိခြင်း)

(၁၀) သမ္မာဒိဋ္ဌိ ၊
(ကံ၏ အကျိုးရှိသည်ဟု မြင်သည့် မှန်ကန်သောအမြင်)

<u>မှတ်ချက်</u> ။ ။ ကမ္မပထ၏ အဓိပ္ပါယ်မှာ ကံတရားသည်ပင် သုဂတိနှင့် ဒုဂ္ဂတိ ရောက်ကြောင်း ဖြစ်သောကြောင့် ကမ္မပထဟု ခေါ်သည်။

တရားကိုယ်အားဖြင့် ၁ မှ ၇ အထိတရားများအရ စေတနာနှင့် ဝိရတိစေတသိက် ၃- မျိုးကို ကောက်ယူအပ်၏။ အနဘိဇ္ဈာအရ အလောဘ၊ အဗျာပါဒအရ အဒေါသနှင့် သမ္မာဒိဋ္ဌိအရ ပညိန္ဒြေ စေတသိက်ကိုယူ။

ကမ္မပထအားဖြင့် ခွဲခြားရာ၌ ကာမာဝစရ ကုသိုလ်ကံနှင့်သာ သက်ဆိုင်သည်ဟု မှတ်ရာ၏။

၁ မှ ၃ အထိကို ကာယကံ၊ ၄ မှ ၇ အထိကို ဝစီကံ၊ နောက်ဆုံး ၃-ခုကို မနောကံဟု မှတ် ။

## အကုသလ ကမ္မကို ခွဲခြားခြင်း

အကုသိုလ်ကံကို ကမ္မပထအားဖြင့် ခွဲခြားလျှင် ၁၀-မျိုးခွဲခြားရ၏။

(၁) ပါဏာတိပါတ (သတ္တဝါကို သတ်ခြင်း)

(၂) အဒိန္နာဒါန (မပေးသော ဥစ္စာကို ရယူခြင်း)

(၃) ကာမေသုမိစ္ဆာစာရ (ကာမကိစ္စ၌ မှားယွင်းပြုကျင့်ခြင်း)

(၄) မုသာဝါဒ (မမှန်တာကို အမှန်လုပ်ပြောခြင်း)

(၅) ပိသုဏာဝါစာ (ဂုံးတိုက်ခြင်း)

(၆) ဖရုသဝါစာ (ရိုင်းစိုင်းစွာပြောဆိုခြင်း၊ဆဲရေးခြင်း)

(၇) သမ္ဖပ္ပလာပ (အကျိုးစီးပွား ပျက်စီးသောစကားကိုပြောဆိုခြင်း)

(၈) အဘိဇ္ဈာ (သူတပါးပစ္စည်းကို လိုချင်လောဘဖြစ်ခြင်း)

(၉) ဗျာပါဒ (သူတပါး ပျက်စီးစေရန် ကြံစည်သောဒေါသဖြစ်ခြင်း)

(၁၀) မိစ္ဆာဒိဋ္ဌိ (ကံ၏ အကျိုးကို ငြင်းပယ်သော အမြင်မှား)

## တရားကိုယ်

အကုသလကမ္မပထ ၁၀-မျိုးသည် တရားကိုယ်အားဖြင့် စေတနာနှင့် လောဘ, ဒေါသ , ဒိဋ္ဌိတရား ၄-မျိုးသာဖြစ်၏။

ပါဏာတိပါတမှ သမ္ဖပ္ပလာပ အထိမှာ စေတနာကိုသာ ယူအပ်၏။ အဘိဇ္ဈာအရ လောဘ, ဗျာပါဒအရ ဒေါသ, မိစ္ဆာဒိဋ္ဌိအရ ဒိဋ္ဌိစေတသိက်ကိုယူ ။

## ကမ္မဒွါရ

ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ တို့သည် ကာယဝိညတ် ဟု ဆိုအပ်သော ကာယဒွါရ၌ အဖြစ်များသောကြောင့် ကာယကံ၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပတို့သည် ဝစီဝိညတ်ဟု ဆိုအပ်သော ဝစီဒွါရ၌ အဖြစ်များသောကြောင့် ဝစီကံ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတို့သည် မနောဒွါရ၌ အဖြစ်များသောကြောင့် မနောကံ ။

## ကံအရာမြောက်မှု

ပါဏာတိပါတ စသော အကုသိုလ်အမှုများသည် အကြောင်းခြင်းရာ (သမ္ဘာရ) ပြည့်စုံမှသာ ကံအရာ မြောက်သည်၊ သို့ဖြစ်၍ အကြောင်းခြင်းရာ (သမ္ဘာရ)များကိုပါ တွဲဖက် မှတ်သားအပ်၏။

(၁) ပါဏာတိပါတ ၌ ပါဏ အရ သတ္တဝါဟု သိရသော်လည်း ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ကောက်ယူရ၏။ ပါဏာတိပါတ ကံ မြောက်ရန် အကြောင်းခြင်းရာ (သမ္ဘာရ) ၅-မျိုး ရှိ၏ ။

(က) သတ္တဝါဖြစ်ခြင်း ၊
(ခ) သတ္တဝါဟု အမှတ်သညာရှိခြင်း၊
(ဂ) သတ်ဖြတ်လိုစိတ် ရှိခြင်း၊
(ဃ) သတ်ဖြတ်မှုကို ပြုလုပ်ခြင်း၊
(င) ထိုအကြောင်းကြောင့် သေဆုံးခြင်း

**ပယောဂ ၆-မျိုး**

သတ်ဖြတ်လိုစိတ်ဖြင့် သတ်ဖြတ်မှု ပြုလုပ်ရာ၌ ကြိုးပမ်းလုပ်ဆောင်မှု ၆-မျိုး ရှိ၏ ။

(က) သာဟတ္ထိက ( ကိုယ်တိုင်ပြုလုပ်မှု ) ၊
(ခ) အာဏတ္တိက ( သူတပါးကို ခိုင်းစေပြုလုပ်မှု ) ၊
(ဂ) နိဿဂ္ဂိယ ( အဝေးမှ ပစ်ခတ်မှု ) ၊
(ဃ) ထာဝရ ( ပြောင်းရွှေ့မရသောအရာဖြင့် ပြုလုပ်မှု ၊ ထောင်ချောက်ဆင်မှု ၊
(င) ဝိဇ္ဇာမယ ( အတတ်ပညာဖြင့် ပြုလုပ်မှု ) ၊
(စ) ဣဒ္ဓိမယ ( ကမ္မဇတန်ခိုးဖြင့် ပြုလုပ်မှု ) ၊

(၂) အဒိန္နာဒါန ၌ အဒိန္န အရ သူတပါးပိုင်ပစ္စည်း တည်း၊ အာဒါန အရ ရယူရန်ကြိုးစားအားထုတ်မှုကို ဖြစ်စေသော ထေယျစေတနာ တည်း။ အဒိန္နာဒါန ကံမြောက်စေသည့်အကြောင်း အင်္ဂါ (သမ္ဘာရ) ၅-မျိုးရှိ၏ ။

(က) သူတပါးပိုင်ပစ္စည်းဖြစ်ခြင်း၊

(ခ) သူတပါးပိုင်ဟု အသိရှိခြင်း၊

(ဂ) မရိုသားစိတ်ရှိခြင်း၊

(ဃ) ရယူရန်ကြိုးပမ်းခြင်း၊

(င) ရယူခြင်း၊

* အဒိန္နာဒါန ၌ ပါဏာတိပါတ ကဲ့သို့ပင် ပယောဂ ၆-မျိုး မှတ်သားရ၏ ။

--------------------

(၃) ကာမေသုမိစ္ဆာစာရ ၌ ကာမေသု အရ မေထုန်မှု တည်း၊ မိစ္ဆာစာရ အရ လုံးဝကဲ့ရဲ့ထိုက်သော အယုတ်တမာ ပြုကျင့်မှုကို ဖြစ်စေတတ်သော ဝီတိက္ကမ စေတနာ တည်း ။

<u>အဂမနီယဌာန</u> ။ ။ ကာမေသုမိစ္ဆာစာရနှင့် ပတ်သက်၍ ပုရိသတို့ မလွန်ကျူးအပ်သည့် ဣတ္ထိ (၂၀)မျိုးကိုမှတ်သားအပ်၏ ။

(၁) မာတုရက္ခိတာ (အမိအုပ်ထိန်းမှုရှိသူ)

(၂) ပိတုရက္ခိတာ (အဖအုပ်ထိန်းမှုရှိသူ)

(၃) မာတာပိတုရက္ခိတာ(မိဘအုပ်ထိန်းမှုရှိသူ)

(၄) ဘာတုရက္ခိတာ (မောင်အုပ်ထိန်းမှုရှိသူ)

(၅) ဘဂိနိရက္ခိတာ (အမအုပ်ထိန်းမှုရှိသူ)

(၆) ဉာတိရက္ခိတာ (ဆွေမျိုးအုပ်ထိန်းမှုရှိသူ)

(၇) ဂေါတ္တရက္ခိတာ (အနွယ်ဝင်အုပ်ထိန်းမှုရှိသူ)

(၈) ဓမ္မရက္ခိတာ (ဘာသာဝင်အုပ်ထိန်းမှုရှိသူ)

(၉) သာရက္ခာ (ပိုင်ဆိုင်မှုရှိပြီးဖြစ်သူ)

(၁၀) သပရိဒဏ္ဍာ (ကျူးလွန်လျှင်ပြစ်ဒဏ်ချမည်ဟု ကြေငြာခံထားရသူ)

(၁၁) ဓနက္ကီတာ (ဝယ်ယူပေါင်းသင်းသည့်ဇနီး)

(၁၂) ဆန္ဒဝါသိနီ (သဘောတူ ပေါင်းသင်းသည့် ဇနီး)

(၁၃) ဘောဂဝါသိနီ (ပစ္စည်းပေး၍ ပေါင်းသင်းသည့် ဇနီး)

(၁၄) ပဋဝါသိနီ (အဝတ်အထည်ပေး၍ ပေါင်းသင်းသည့် ဇနီး)

(၁၅) ဩဒပတ္တကိနီ (လက်ထပ် ဇနီး)

(၁၆) ဩဘာသ္မာဝိုးမိုး (အလုပ်နားစေပြီး ပေါင်းသင်းသည့် ဇနီး)

(၁၇) ဒါသီဘရိယာ (ကျွန်မ ဇနီး)

(၁၈) ကမ္မကာရီဘရိယာ (အလုပ်သမား ဇနီး)

(၁၉) ဓဇာဟဋာ (သုံ့ပန်း ဇနီး)

(၂၀) မုဟုတ္တိကာ (ကြုံခိုက် ဇနီး)

မှတ်ချက် ။ ။ သာမန်လူလွတ် ပုရိသတစ်ဦးဦးသည် ဖော်ပြပါ ကြ္တတ္တိ ၂၀-မျိုးနှင့်ပတ်သက်သမျှ ကာမေသုမိစ္ဆာစာရ ဖြစ်၏။

သာရက္ခာ , သပရိဒဏ္ဍာ-ကြ္တတ္တိ ၂-မျိုးနှင့် ဇနီးသည် ကြ္တတ္တိ ၁၀-မျိုး၊ စုစုပေါင်း ကြ္တတ္တိ ၁၀-မျိုးသည် မိမိတို့ကို ပိုင်သူပုရိသမှအပအခြားပုရိသနှင့် ပတ်သက်လျှင် ကာမေသုမိစ္ဆာစာရ ဖြစ်၏ ။

* မာ , ပိ , မာ-ပိ , ဘ နှင့် ဘာ ၊

ဉာ , ဂေါ , ဓမ် , သ , သာ ။

ဓ , ဆန် , ဘော , ပ , ဩ , ဩ , ဓ ၊

ကမ္မ , ဒါ , မုဟာ ။ (ကြ္တတ္တိ -၂၀)

ကာမေသုမိစ္ဆာစာရ ကံမြောက်စေသည့် အကြောင်းအင်္ဂါ (သမ္ဘာရ) ၄-မျိုးရှိ၏ ။

(က) အဂမနီယဝတ္ထု ဖြစ်ခြင်း ၊

(ခ) မှိုဝဲလိုစိတ်ရှိခြင်း၊

(ဂ) လှံ့လပြုခြင်း၊

(ဃ) ပတ်သက်မှုကို ကျေနပ်ခြင်း၊

* ကာမေသုမိစ္ဆာစာရ ပယောဂ ၆-မျိုးတွင် သာဟတ္ထိက ပယောဂ တစ်မျိုးသာ သက်ဆိုင်၏ ။

---

(၄) မုသာဝါဒ ၌ မုသာ အရ လွဲမှားစေမှု ရှေ့ရှုသောသူ၏ သန္တာန် ၌ဖြစ်သော အကျိုးစီးပွါးကို ဖျက်ဆီးတတ်သော ဝစီပယောဂ သို့မဟုတ် ကာယပယောဂ ရ၏ ။ မုသာဝါဒ အရ သူတပါး လွဲမှားစေတတ်သော ကာယ , ဝစီ ပယောဂ ကို ဖြစ်စေတတ်သော စေတနာ ရ၏ ။

<u>တနည်း</u> ။ ။ မုသာ-အရ မမှန်ကန်သောအကြောင်းအရာ ရ၏။ ဝါဒ-အရ မမှန်ကန်သောအကြောင်းအရာကို မှန်ကန်သောအကြောင်း အရာ အဖြစ် သိအောင်လုပ်ခြင်း ရ၏ ။ သို့သော် ထိုသို့ သိအောင်လုပ်မှု (ဝိညတ္တိ) ကို ဖြစ်စေသော စေတနာ ကိုသာ မုသာဝါဒ အရ ယူအပ်၏ ။

မုသာဝါဒကံ မြောက်စေသည့် အကြောင်းအင်္ဂါ (သမ္ဘာရ) ၄-မျိုး ရှိ၏ ။

(က) မမှန်ကန်သော အကြောင်းအရာ ဖြစ်ခြင်း၊

(ခ) လွဲမှားစေလိုသော စိတ်ရှိခြင်း၊

(ဂ) လွဲမှားအောင် ကြိုးစားခြင်း၊

(ဃ) တဖက်သားက လွဲမှားစွာ သိခြင်း၊

မုသာဝါဒ ၌ ပယောဂ ၆-မျိုးတွင် သာဟတ္ထိက ၁-မျိုးသာ ဖြစ်သည်။

------------------------

(၅) ပိသုဏာဝါစာ ဆိုသည်မှာ မိမိအပေါ် ချစ်ခင်စေမှု , တစ်ဖက်သားအပေါ် အချစ်ကုန်ခမ်းစေမှုကို ပြုလုပ်တတ်သော စကားမျိုးတည်း။

သို့သော် ဤ၌ ထိုစကားမျိုးကို ပြောဆိုသူ၏ ကာယ ဝစီ ပယောဂကို ဖြစ်ပေါ်စေသော စေတနာကိုသာ ယူအပ်၏ ။

ပိသုဏာဝါစာကံ မြောက်စေသည့် အကြောင်းအင်္ဂါ (သမ္ဘာရ)၄-မျိုး ရှိ၏ ။

(က) ကွဲပြားအောင် အလုပ်ခံရသည့် တဖက်သား၊

(ခ) ကွဲစေရမည်ဟု ကြံရွယ်ချက်ရှိခြင်း နှင့်
မိမိအပေါ် ချစ်ခင်စေလိုစိတ်ရှိခြင်း၊

(ဂ) ထိုသို့ဖြစ်အောင် ကြိုးစားခြင်း၊

(ဃ) ကြိုးစားသည့်အတိုင်း သိရှိလက်ခံခြင်း ။

ပိသုဏာဝါစာ အရာ၌ မိမိကွဲအောင်အလုပ်ခံရသူများ ကွဲသွားမှသာ ကံထိုက်၏ ။ မကွဲလျှင် ကံမထိုက်ဟု မှတ်အပ်၏ ။

--------------------

(၆) ဖရုသဝါစာ ဆိုသည်မှာ ပြောသူနှင့်အပြောခံရသူ နှစ်ဦးလုံးကို ကြမ်းအောင် ဒေါသထွက်အောင် ပြုလုပ်တတ်သော စကားမျိုးတည်း ။

သို့သော် ဤ၌ အပြောခံရသူ၏ နာကျည်းမှုကို ဖြစ်စေသော လုံးဝရိုင်းပျသော ပြောဆိုသူ၏ စေတနာကိုသာ ယူအပ်၏ ။

<u>မှတ်ချက်</u> ။ ။ နည့်သောစိတ်ဖြင့် ပြောလျှင် စကားကြမ်းသော်လည်း ဖရုသဝါစာ မဖြစ်။ စိတ်ထားကြမ်းလျှင် စကားနုသော်လည်း ဖရုသဝါစာ ဖြစ်၏။ စိတ်စေတနာကြမ်းခြင်းကြောင့် ဖရုသဝါစာ ဟု ခေါ်သည်။

ဖရုသဝါစာကံ မြောက်စေသည့် အကြောင်းအင်္ဂါ (သမ္ဘာရ) ၃-မျိုး ရှိ၏ ။

(က) ဆဲရေးခံရသူ ၊
(ခ) စိတ်ဆိုးခြင်း ၊
(ဂ) ဆဲခြင်း ။

-----------------

(၇) သမ္ဖပ္ပလာပ ဟူသည်မှာ ဟိတ သုခ ဖျက်ဆီးတတ်သော ပြောဆိုမှုမျိုးတည်း ။ သို့သော် ထိုသို့ပြောဆိုမှု၏ အကြောင်းရင်း စေတနာကို သာ ယူအပ်၏ ။ နားထောင်သူအား အကျိုးမဲ့အကြောင်းအရာကို

သိစေတတ်သော ကာယ ဝစီ ပယောဂကို ဖြစ်တတ်သော အကုသိုလ် စေတနာသည် ဤ၌ သမ္ဖပ္ပလာပ မည်၏ ။

သမ္ဖပ္ပလာပကံ မြောက်စေသည့် အကြောင်းအင်္ဂါ (သမ္ဘာရ) ၂-မျိုး ရှိ၏ ။

(က) ဟိတ သုခ ကို ဖျက်ဆီးတတ်သော အကြောင်း စကားမျိုး ဖြစ်ခြင်း ၊

(ခ) အဆိုပါ စကားမျိုးကို ပြောဆိုခြင်း ။

<u>မှတ်ချက်</u> ။ ။ နားထောင်သူက အဆိုပါစကားမျိုးကို အတည်မှတ်ယူမှသာ ကမ္မပထမြောက်သည် ။ မမှတ်ယူခဲ့သော် ကမ္မပထ မမြောက်ဟု အဋ္ဌကထာ၌ ဆိုသည် ။

---

(၈) အဘိဇ္ဈာ ဟူသည်မှာ "ငါ့ဟာ ဖြစ်မူ ကောင်းလေစွ" ဟု သူတပါးပစ္စည်းကို စိတ်ကူးကြံစည်သော လောဘတည်း ။

အဘိဇ္ဈာကံ မြောက်စေသည့် အကြောင်းအင်္ဂါ (သမ္ဘာရ) ၂-မျိုး ရှိ၏။

(က) သူတပါးပိုင်ပစ္စည်း ဖြစ်ခြင်း ၊

(ခ) မိမိပိုင် ဖြစ်စေလိုခြင်း ။

မှတ်ချက် ။ ။ သူတပါးပစ္စည်းအပေါ် လိုချင်စိတ်ဖြစ်ရုံမျှဖြင့် ကမ္မပထ မမြောက်၊ ကိုယ့်ပစ္စည်းဖြစ်စေလိုမှုရှိမှသာ ကမ္မပထ မြောက်သည်။

(၉) ဗျာပါဒ ဆိုသည်မှာ ဟိတ သုခ ကို ဖျက်ဆီးတတ်သော ဒေါသတည်း ။

ဗျာပါဒကံ မြောက်စေသည့်အကြောင်းအင်္ဂါ (သမ္ဘာရ) ၂-မျိုးရှိ၏။

(က) အခြားသူတစ်ဦး ဖြစ်ခြင်း ၊

(ခ) ထိုသူ၏ ပျက်စီးမှုကို စိတ်ကူးကြံစည်ခြင်း ။

မှတ်ချက် ။ ။ ဒေါသ ဖြစ်ရုံမျှဖြင့် ဗျာပါဒ ဟု မဆိုရ။ "ဒီလူ ပျက်စီးသွားရင် ကောင်းလေစွ" ဟု စိတ်ကူးကြံစည်မှသာ ကမ္မပထ မြောက်သည်။

(၁၀) မိစ္ဆာဒိဋ္ဌိ ဟူသည်မှာ မှန်ကန်သည့်အတိုင်း မှတ်ယူခြင်းမရှိပဲ လွဲမှားစွာရှုမြင်တတ်သော ဒိဋ္ဌိစေတသိက် ပင်တည်း။

ဤ၌ မိစ္ဆာဒိဋ္ဌိ သည် ၃-မျိုးရှိ၏ ။

(က) နတ္ထိကဒိဋ္ဌိ (ကံ၏အကျိုးကို ငြင်းပယ်သောဒိဋ္ဌိ)

(ခ) အဟေတုကဒိဋ္ဌိ (အကြောင်းတရားကို ငြင်းပယ်သော ဒိဋ္ဌိ)

(ဂ) အကြိယဒိဋ္ဌိ (ကံတရားကို ငြင်းပယ်သော ဒိဋ္ဌိ)

## နတ္ထိက ဒိဋ္ဌိ ၁၀-မျိုး

(၁) နတ္ထိ ဒိန္နံ (ဒါန၏အကျိုးဆိုတာ မရှိ)

(၂) နတ္ထိ ယိဋ္ဌံ (ပူဇာ၏အကျိုးဆိုတာ မရှိ)

(၃) နတ္ထိ ဟုတံ (ပေးပို့လှူဒါန်းခြင်း၏အကျိုး မရှိ)

(၄) နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော (ကုသိုလ်ကံ အကုသိုလ်ကံတို့၏အကျိုးဆိုတာ မရှိ)

(၅) နတ္ထိ အယံ လောကော (ဤလောကဆိုတာ မရှိ)

(၆) နတ္ထိ ပရော လောကော (ပရလောကဆိုတာ မရှိ)

(၇) နတ္ထိ မာတာ (အမိနှင့်စပ်သောကောင်းကျိုး ဆိုးကျိုးဆိုတာ မရှိ)

(၈) နတ္ထိ ပိတာ (အဖနှင့်စပ်သောကောင်းကျိုး ဆိုးကျိုးဆိုတာ မရှိ)

(၉) နတ္ထိ သတ္တာ ဩပပါတိကာ (သေပြီးနောက် ပြန်လည် မွေးဖွားသူ မရှိ)

(၁၀) နတ္ထိ လောကေ သမဏာ ဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒန္တိ။

(ဤလောက တခြားလောကကို ကိုယ်တိုင်သိ၍ ဟောပြောနိုင်သော မှန်ကန်စွာ ကျင့်ကြံအားထုတ်သော သမဏ ဗြာဟ္မဏ ဆိုတာ လောကမှာ မရှိ)

<u>မှတ်ချက်</u>။ ။ ဖော်ပြပါ အချက် ၁၀-ချက်နှင့် စပ်လျဉ်း၍ ငြင်းဆိုသော မှားသောအမြင်ကို “ဒသဝတ္ထုကာ မိစ္ဆာဒိဋ္ဌိ” ဟု ဖော်ပြ၍

ကံနှင့် ကံ၏အကျိုးကို ငြင်းပယ်သည့် အမြင်မှားမျိုးကိုသာ ဤ ဒုစရိုက်အရာ၌ မိစ္ဆာဒိဋ္ဌိ ဟု မှတ်အပ်၏ ။

မိစ္ဆာဒိဋ္ဌိ ကံမြောက်စေသည့် အကြောင်းအင်္ဂါ (သမ္ဘာရ) ၂-မျိုးရှိ၏။

(က) မှတ်ယူသော အကြောင်းအရာ၏ မှားယွင်းခြင်း၊

(ခ) မှားယွင်းသည့်အတိုင်း စိတ်တွင် ထင်မြင် မှတ်ထင်ခြင်း။

သက္ကာယဒိဋ္ဌိ စသော အခြားသော မိစ္ဆာဒိဋ္ဌိများသည် ဤ ဒုစရိုက်အရာတွင် ပါဝင်ခြင်း မရှိ ဟု မှတ်အပ်၏ ။

## သုတ္တန္တ ပရိယာယ ကံ (၁၁) မျိုး

သုတ္တန်၌ ခွဲခြားဖော်ပြအပ်သော ကံ (၁၁) မျိုးကို ဤ၌ အင်္ဂုတ္တရ တိကနိပါတ အဋ္ဌကထာမှ ကောက်နှုတ်ဖော်ပြအံ့---

(၁) ဒိဋ္ဌဓမ္မဝေဒနီယ

(၂) ဥပပဇ္ဇဝေဒနီယ

(၃) အပရပရိယာယဝေဒနီယ

(၄) ယဂ္ဂရုက

(၅) ယဗ္ဗဟုလ

(၆) ယဒါသန္န

(၇) ကဋတ္တာ ကမ္မ

(၈) ဇနက

(၉) ဥပတ္ထမ္ဘက

(၁၀) ဥပပီဠက

(၁၁) ဥပဃာတက

မှတ်ချက် ။ ။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း ကမ္မစတုက္က၌ ဖော်ပြပါ (၁-မှ-၃)အထိကို အဟောသိကမ္မ ထည့်သွင်း၍ "ပါကကာလ" ၏ အစွမ်းဖြင့် ကံ ၄-မျိုး ဟု ဖော်ပြ၏ ။

အမှတ်စဉ် ၄-မှ ၇-အထိ ကံများကို " ဂရုက ၊ အာသန္န ၊ အာစိဏ္ဏ၊ ကဋတ္တာ ကမ္မ " အမည်များကို သုံး၍ " ပါကဒါန ပရိယာယ " အားဖြင့် ကံ ၄-မျိုး ဟု ဖော်ပြ၏ ။

အမှတ်စဉ် ၈-မှ ၁၁-အထိ ကံများကို " ကိစ္စ " အားဖြင့် ကံ ၄-မျိုး ဟု ဖော်ပြသည် ။

## (၁) ဒိဋ္ဌဓမ္မဝေဒနီယ ကံ

ပြုလုပ်သူသည် မျက်မှောက်ဘဝမှာပင် အကျိုးခံစားရသော ကံမျိုးကို (မျက်မှောက်ဘဝ၌ အကျိုးပေးသောကံမျိုးကို) ဒိဋ္ဌဓမ္မဝေဒနီယကံ ဟု ခေါ်သည်။ ဤကံသည် ကုသိုလ်ကံ , အကုသိုလ်ကံ ၂-မျိုးလုံးနှင့် သက်ဆိုင်သည် ။

အတိအကျ ဆိုရသော် ဇဝနဝီထိ တစ်ခု၌ ဇော ၇-ကြိမ် မှ ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏ ။

ဤဒိဋ္ဌဓမ္မဝေဒနီယကံသည် ကံပြုရာဘဝ၌သာ ကောင်းကျိုး ဆိုးကျိုးကို ဖြစ်စေ၏။ ကုသိုလ်ကံဖြစ်မူ ကာကဝဋ္ဋိယသူဌေး , ပုဏ္ဏသူဌေး တို့၏ ကုသိုလ်ကံမျိုးတည်း။ အကုသိုလ်ဖြစ်မူ နန္ဒဘီလူး , နန္ဒလူလင် , နန္ဒနွားသတ်သမား , ကောကာလိကရဟန်း , သုပ္ပဗုဒ္ဓမင်း , ဒေဝဒတ္တရဟန်း, စိဉ္စမာဏဝိကာ တို့၏ အကုသိုလ်ကံမျိုးတည်း ။

ကံပြုရာဘဝ၌ ကောင်းကျိုး ဆိုးကျိုးပေးခွင့်မရလျှင် "အဟောသိကံ" ဟု ဆိုရ၏။ နောက်ထပ် မည်သည့်အခါမှ အကျိုးမပေးတော့ချေ ။

## (၂) ဥပပဇ္ဇဝေဒနီယ ကံ

ပြုလုပ်သူသည် (မျက်မှောက်ဘဝ၌ အကျိုးမရ) အနီးကပ်ဆုံးဖြစ်လာမည့်ဘဝ၌ အကျိုးခံစားရသောကံမျိုးကို ဥပပဇ္ဇဝေဒနီယ ကံ ဟုခေါ်သည်။ ဤကံသည်လည်း ကုသိုလ် အကုသိုလ် ၂-မျိုးလုံးနှင့် သက်ဆိုင်သည်။

အတိအကျဆိုရသော် ဇဝနဝီထိ တစ်ခု၌ ဇော ၇-ကြိမ်တွင် ကိစ္စပြီးပြတ်စေတတ်သော (အတ္ထသာဓိက) သတ္တမဇောစေတနာကိုသာ ယူအပ်၏။

ကုသိုလ်အရာ၌ သမာပတ် ၈-ပါးဟု ဆိုအပ်သောကံမျိုး , အကုသိုလ် အရာ၌ အာနန္တရိယကံမျိုးဟု မှတ်အပ်၏။ သမာပတ် ၈-မျိုးရရှိသူသည် သမာပတ်ကံတစ်ခုဖြင့် ဗြဟ္မာ့ဘုံ၌ ဖြစ်၏။ အာနန္တရိယကံ ၅-မျိုးကျူးလွန်သူသည် အာနန္တရိယကံ တစ်မျိုးမျိုးဖြင့် ငရဲ၌ ဖြစ်၏။ ကြွင်းသမာပတ်

ကံများနှင့် အာနန္တရိယကံများသည် အဟောသိကံ အဖြစ်သို့ရောက်၏။ အကျိုးမပေးတော့ပေ။

[ ဋီကာကျော်ကျမ်းမှ ကောက်နှုတ်ချက်-

" အတ္ထသာဓိကာ ပန သတ္တမဇဝန စေတနာ သန္နိဋ္ဌာပက စေတနာ ဘူတာ ဝုတ္တနယေန ပဋိလဒ္ဓဝိသေသာ အနန္တရတ္တဘာဝေ ဝိပါက-ဒါယိနီ ဥပပဇ္ဇဝေဒနီယံ နာမ။

သာ စ ပဋိသန္ဓိံ ဒတွာဝ ပဝတ္တိဝိပါကံ ဒေတိ၊ ပဋိသန္ဓိယာ ပန အဒိန္နာယ ပဝတ္တိဝိပါကံ ဒေတီတိ နတ္ထိ၊ စုတိ အနန္တရဉ္စ ဥပပဇ္ဇ-ဝေဒနီယဿ ဩကာသော။

ပဋိသန္ဓိယာ ပန ဒိန္နာယ ဇာတိသတေပိ ပဝတ္တိဝိပါကံ ဒေတီတိ အာစရိယာ။ စာ-၃၇၁ ]

## (၃) အပရာပရိယာယဝေဒနီယ ကံ

ပြုလုပ်သူသည် အနာဂတ်ဘဝ အခွင့်သာသည့်အခါ အကျိုးခံစားရသောကံမျိုးကို အပရာပရိယာယဝေဒနီယ ကံ ဟု ခေါ်သည်။ အတိအကျဆိုရသော် ဇဝနဝီထိတစ်ခု၌ အလယ် ၅-ဇော စေတနာကို ယူအပ်၏။

ဤကံသည်လည်း ကုသိုလ် အကုသိုလ် ၂-မျိုးလုံးနှင့် သက်ဆိုင်သည်။ ပြုလုပ်သူ သံသရာ၌ ဖြစ်နေသမျှ အဟောသိကံ အဖြစ်သို့မရောက်။

## (၄) ယဂ္ဂရုက ကံ

ဤကံသည် ကုသိုလ် အကုသိုလ် ၂-မျိုးလုံးနှင့် သက်ဆိုင်၏။ အရှိန်အဝါကြီးမားသော ကံသည် ဂရုက၊ အရှိန်အဝါနည်းပါးသော ကံသည် အဂရုက မည်၏။ ဂရုက ကံ၊ အဂရုက ကံ ၂-မျိုးတို့တွင် ဂရုက ကံသည် ပဌမဆုံးအကျိုးပေးခွင့်ရ၏။

ဂရုက ကံသည် ကုသိုလ်အရာ၌ မဟဂ္ဂုတ်(ဈာနသမာပတ္တိ) ကံနှင့် အကုသိုလ်အရာ၌ အာနန္တရိယကံ မျိုးတည်း။ ဂရုက ကံ ရှိနေပါက ကုသိုလ်ကံဖြစ်စေ အကုသိုလ်ဖြစ်စေ အခြားကံများ အကျိုးမပေးနိုင်၊ ဂရုကကံ ကသာ အကျိုးပေး၏၊ ဥပမာ မှုံညှင်းစေ့ခန့် ကျောက်ခဲပင်ဖြစ်စေ ရေပေါ် ချလျှင် မပေါ်မျောနိုင်၊ အောက်သို့ မြုပ်သွားသည်သာ ဖြစ်၏၊ ထို့အတူ ကုသိုလ်ဖြစ်ပစေ အကုသိုလ်ဖြစ်ပစေ ဂရုကကံ ကသာ ဦးဆောင်သွား၏။

## (၅) ယဗ္ဗဟုလ ကံ

ကုသိုလ် အကုသိုလ် ၂-မျိုးတွင် အဖြစ်များသောကံသည် "ယဗ္ဗဟုလ ကံ" မည်၏။

"အဖြစ်များ" ဟူရာ၌ နေ့ရက်ရှည်ကြာ အာသေဝနသတ္တိ ကို ရရှိထားသော ကံဟု သိအပ်၏။ တနည်းအားဖြင့် ဝမ်းသာအားရမှုကို

ဖြစ်စေတတ်သော ကုသိုလ်ကံမျိုးနှင့် နှောင်တပူပန်မှုကို ဖြစ်စေတတ်သော အကုသိုလ်ကံမျိုးကို "ယဗ္ဗဟုလ" ခေါ်သည်ဟုမှတ်။

အားကောင်းသည့် လက်ဝှေ့သမားသည် သူ့လောက်အားမကောင်းသည့် ပြိုင်ဘက်လက်ဝှေ့သမားကို အလဲထိုးနိုင်၏။ ထို့အတူ အာသေဝန သတ္တိရရှိ၍ များပြားသောကံ ၊ အနီးကပ်ဖြစ်သော ဗလဝ ကံ မျိုးသည် အကျိုးပေးခွင့်ရ၏။ (ဒုဋ္ဌဂါမဏိ အဘယမင်း၏ ကုသိုလ်ကံမျိုးကို သာဓက အဖြစ် မှတ်ယူအပ်၏)

## (၆) ယဒါသန္န ကံ

ကုသိုလ် အကုသိုလ် ၂-မျိုးတွင် သေခါနီးအချိန်အမှတ်ရသော ကံသည် ယဒါသန္နကံ မည်၏။ အခြားကုသိုလ် အကုသိုလ်တွေ ရှိသော်လည်း မရဏအချိန် အနီးကပ်ဖြစ်သောကြောင့် ယဒါသန္န ကံ အကျိုးပေးခွင့်ရသည်။ ဥပမာ နွားပေါင်းမျိုးစုံ များစွာရှိသော နွားခြံ၏ခြံတံခါးကို ဖွင့်သောအခါ အင်အားမရှိသော နွားအိုကြီးပင်ဖြစ်ပစေ ခြံပေါက်ဝအိပ်သောနွား ပဌမဆုံး ထွက်ခွင့်ရသည်နှင့်တူ၏။

ဤနေရာ၌ ကုသိုလ်အရာ ဒမိဠ ဒေါဝါရိက ဝတ္ထုနှင့် အကုသိုလ် အရာ အန္တရဂင်္ဂါမှ မဟာဝါစကာလ ဝတ္ထုတို့ကို သာဓက ပြအပ်၏။

## (၇) ကဋတ္တာ ကံ

ပြုလုပ်မိသမျှ ကံတို့တွင် ဂရုက , ဗဟုလ , အာသန္န ၃-မျိုးမှအပ မှတ်မှတ်ရရ လုပ်ခြင်းမဟုတ်ပဲ အမှတ်တမဲ့ လုပ်မိသည့် ကံမျိုးကို ကဋတ္တာကံ ဟုခေါ်သည်။

ဂရုက , ဗဟုလ , အာသန္နကံမျိုး မရှိခဲ့သော် ကဋတ္တာကံ အကျိုးပေး ခွင့်ရ၏။

## (၈) ဇနက ကံ

ဇနက ကံသည် ကုသိုလ် အကုသိုလ် ၂-မျိုးလုံးနှင့်သက်ဆိုင်၏။ ပဋိသန္ဓိအခါ၌ဖြစ်စေ ပဝတ္တိအခါ၌ဖြစ်စေ ဝိပါက်နှင့်ကမ္မဇရုပ်အကျိုးကို ဖြစ်စေသောကံကို ဇနက ကံ ဟုခေါ်သည်။

မှတ်ချက်။ ။ ဇနကကံသည် ပဋိသန္ဓေအကျိုးကိုသာ ဖြစ်စေ၍ ပဝတ္တိအကျိုးကို မဖြစ်စေနိုင် ဟု အဆိုရှိ၏။

## (၉) ဥပတ္ထမ္ဘက ကံ

ကုသိုလ်ဖြစ်စေ အကုသိုလ်ဖြစ်စေ မိမိကိုယ်တိုင်က အကျိုးတရားကို မထုတ်လုပ်ဘဲ မိမိနှင့်သဘာဝတူ ကံ၏အကျိုးကိုသာ ထောက်ကူသော ကံမျိုးကို ဥပတ္ထမ္ဘကကံ ဟုခေါ်သည်။

## (၁၀) ဥပပီဠက ကံ

အခြားကံတစ်ခုခုက ပဋိသန္ဓေအကျိုးပေးပြီး ဖြစ်စေအပ်သည့်ဘဝမှာ သုခ ဒုက္ခကိုဖြစ်စေလျက် နှိပ်စက်တတ် နှောင့်ရှက်တတ်သောကံမျိုးကို ဥပပီဠကကံ ဟု ဆို၏။

ဥပပီဠကကံသည် ကုသိုလ် အကုသိုလ် ၂-မျိုးလုံးနှင့် သက်ဆိုင်၏။ ကုသိုလ်ကံ၏အကျိုးကို ရှည်ကြာစွာ မတည်တံ့အောင် အကုသိုလ်ကံက နှောင့်ရှက်၏။ အကုသိုလ်ကံ၏အကျိုး ရှည်စွာမတည်အောင် ကုသိုလ်ကံက ပိတ်ဆို့နှောင့်ရှက်၏။

ရှင်သန်လျက်ရှိသော သစ်ပင် နွယ်ပင်ကို ဓားဖြင့်ခုတ်ဖြတ်၍ ရှင်သန်ခွင့်မပေးသကဲ့သို့ ကုသိုလ်ကံကို အကုသိုလ်ကံက ရှင်သန်ခွင့်မပေး။ အကုသိုလ်ကံကိုလည်း ကုသိုလ်ကံက ရှင်သန်ခွင့် မပေးချေ။

ဤနေရာ၌ သုနက္ခတ္တရဟန်း၏ အကုသိုလ်ကံသည် ကုသိုလ်ကံ၏ အကျိုးပေးခွင့်ကို ဟန့်တားခြင်း၊ တမ္ဗဒါဌိက သူသတ်သမား၏ ကုသိုလ်ကံသည် အကုသိုလ်ကံ အကျိုးပေးခွင့်ကို ဟန့်တားခြင်းကို သာဓက အဖြစ် မှတ်ယူအပ်၏။

## (၁၁) ဥပဃာတက ကံ

ဥပဃာတကကံသည် ကုသိုလ် အကုသိုလ် ၂-မျိုးလုံးနှင့် သက်ဆိုင်၏။ အခြားသော အင်အားမရှိသောကံကို ပယ်ဖျက်ကာ မိမိ၏အကျိုးပေးခွင့်ကို ရယူသောကံမျိုးသည် ဥပဃာတက ကံ မည်၏။

ကုသိုလ်ကံက အကျိုးပေးနေစဉ် အကုသိုလ်ကံဖြစ်ပေါ်လာပြီး ကုသိုလ်ကံကို ဖြစ်တောက်ဖယ်ရှား၏။ ထို့အတူ အကုသိုလ်ကံအကျိုးပေးနေစဉ် ကုသိုလ်ကံဖြစ်ပေါ်လာပြီး အကုသိုလ်ကံကို ဖြတ်တောက် ဖယ်ရှားပစ်၏။

ဤနေရာ၌ အဇာတသတ်မင်း၏ ပိတုဃာတက အကုသိုလ်ကံသည် ကုသိုလ်ကံကိုဖြတ်တောက်ရာ၌ သာဓကဖြစ်၏။ အင်္ဂုလိမာလ၏ အရဟတ္တမဂ်ကုသိုလ်ကံသည် အကုသိုလ်ကံကို ဖြတ်တောက် ဖယ်ရှားရာ၌ သာဓက ဖြစ်၏။

ဤ ဥပဃာတက ကံကိုပင် ဥပစ္ဆေဒက ကံ ဟုလည်း ခေါ်သည်။

# သုတ္တန္တပရိယာယ ကံ (၁၁/၁၂) မျိုး

| | ပါက ကာလ | ပါကဒါန ဝါရ | ကိစ္စ |
|---|---|---|---|
| ကုသလ | ဒိဋ္ဌဓမ္မဝေဒနီယ<br>ဥပပဇ္ဇဝေဒနီယ | ဂရုက<br>ဗဟုလ<br>(အာစိဏ္ဏ) | ဇနက<br>ဥပတ္ထမ္ဘက |
| အကုသလ | အပရပရိယာယ<br>ဝေဒနီယ<br>(အဟောသိ) | အာသန္န<br>ကဋတ္တာ | ဥပပီဠက<br>ဥပဃာတက<br>(ဥပစ္ဆေဒက) |

## အဘိဓမ္မပရိယာယ ကံ ၁၆–မျိုး

| သဘာဝ ကံ ၂-မျိုး | အကျိုးမပေးနိုင် | အကျိုးပေးနိုင် |
|---|---|---|
| ကုသလ (၈) | ဂတိ ဝိပတ္တိ<br>ဥပဓိ ဝိပတ္တိ<br>ကာလ ဝိပတ္တိ<br>ပယောဂ ဝိပတ္တိ | ဂတိ သမ္ပတ္တိ<br>ဥပဓိ သမ္ပတ္တိ<br>ကာလ သမ္ပတ္တိ<br>ပယောဂ သမ္ပတ္တိ |
| အကုသလ (၈) | ဂတိ သမ္ပတ္တိ<br>ဥပဓိ သမ္ပတ္တိ<br>ကာလသမ္ပတ္တိ<br>ပယောဂ သမ္ပတ္တိ | ဂတိ ဝိပတ္တိ<br>ဥပဓိ ဝိပတ္တိ<br>ကာလ ဝိပတ္တိ<br>ပယောဂ ဝိပတ္တိ |

ရှင်းလင်းချက်

အဘိဓမ္မာ ဝိဘင်္ဂပါဠိ၌ သမ္ပတ္တိ ၄-ပါး၊ ဝိပတ္တိ ၄-ပါး တို့နှင့် ဆက်စပ်လျက် ကုသိုလ် အကုသိုလ်ကံတို့ကို ၈-မျိုးစီ ခွဲခြားပြ၏။ ၂-ရပ်ပေါင်း၍ ကံ ၁၆-မျိုးဟု မှတ်အပ်၏။

ဆိုလိုရင်း အဓိပ္ပါယ်မှာ ကုသိုလ်ကံသည် သမ္ပတ္တိ ၄-မျိုးတွင် တစ်မျိုးမျိုး ရှိမှ အကျိုးပေးနိုင်၏။ ဝိပတ္တိနှင့်ကြုံ၍ ဝိပတ္တိတစ်မျိုးမျိုး၏ ဟန့်တားမှု ခံရလျှင် အကျိုးမပေးနိုင်။

ထို့အတူ အကုသိုလ်ကံသည်လည်း ဝိပတ္တိကြုံခိုက်မှာသာ အကျိုးပေးနိုင်ပြီး သမ္ပတ္တိနှင့် ကြုံလျှင် အကျိုးမပေးနိုင်ပေ။

# ပဋိသမ္ဘိဒါမဂ္ဂ ပရိယာယ ကံ ၁၂-မျိုး

| စဉ် | ကမ္မံ | ကမ္မ ဝိပါကော |
|---|---|---|
| ၁ | အဟောသိ ကမ္မံ | အဟောသိ ကမ္မဝိပါကော |
| ၂ | " | နာဟောသိ " |
| ၃ | " | အတ္ထိ |
| ၄ | " | နတ္ထိ |
| ၅ | " | ဘဝိဿတိ |
| ၆ | " | န ဘဝိဿတိ |
| ၇ | အတ္ထိ ကမ္မံ | အတ္ထိ ကမ္မဝိပါကော |
| ၈ | " | နတ္ထိ |
| ၉ | " | ဘဝိဿတိ |
| ၁၀ | " | န ဘဝိဿတိ |
| ၁၁ | ဘဝိဿတိ ကမ္မံ | ဘဝိဿတိ |
| ၁၂ | " | န ဘဝိဿတိ |

ရှင်းလင်းချက်

(၁) အတိတ်မှာ ပြုလုပ်ခဲ့ပြီး အတိတ်မှာပင် အကျိုးပေးခွင့်ရ၍ ပဋိသန္ဓေကျိုးနှင့် ရုပ်တရားကို ဖြစ်စေသောကံမျိုး၊

(၂) အတိတ်မှာ ပြုလုပ်ခဲ့ပြီး အတိတ်မှာ အကျိုးပေးခွင့်မရ၍ အကျိုးမဖြစ်စေနိုင်သောကံမျိုး၊

(၃) အတိတ်မှာ ပြုလုပ်ခဲ့ပြီး ပစ္စုပ္ပန်မှာ အကျိုးပေးခွင့်ရ၍ အကျိုးကိုဖြစ်စေလျက်ရှိသော ကံမျိုး၊

(၄) အတိတ်မှာ ပြုလုပ်ခဲ့ပြီး ပစ္စုပ္ပန်မှာ အကျိုးပေးခွင့်မရ၍ အကျိုးကိုမဖြစ်စေနိုင်သော ကံမျိုး၊

(၅) အတိတ်မှာ ပြုလုပ်ခဲ့ပြီး အနာဂတ်မှာ အကျိုးပေးခွင့်ရ၍ အနာဂတ်ကျမှ အကျိုးပေးမည့် ကံမျိုး၊

(၆) အတိတ်မှာ ပြုလုပ်ခဲ့ပြီး အနာဂတ်မှာ အကျိုးပေးခွင့်ရမည်မဟုတ်သဖြင့် အကျိုးမပေးနိုင်တော့သည့် ကံမျိုး၊

(၇) ပစ္စုပ္ပန်မှာ ပြုလုပ်ပြီး ပစ္စုပ္ပန်မှာပင် အကျိုးပေးခွင့်ရသဖြင့် အကျိုးပေးလျက်ရှိသော ကံမျိုး၊

(၈) ပစ္စုပ္ပန်မှာ ပြုလုပ်ပြီး ပစ္စုပ္ပန်မှာ အကျိုးပေးခွင့်မရ၍ အကျိုးမပေးသောကံမျိုး၊

(၉) ပစ္စုပ္ပန်မှာ ပြုလုပ်ပြီး အနာဂတ်မှာ အကျိုးပေးခွင့်ရ၍ အကျိုးပေးမည့်ကံမျိုး၊

(၁၀) ပစ္စုပ္ပန်မှာ ပြုလုပ်ပြီး အနာဂတ်မှာ အကျိုးပေးခွင့်မရသဖြင့် အကျိုးမပေးနိုင်တော့သည့် ကံမျိုး၊

(၁၁) ကံနှင့်အကျိုး ၂-မျိုးလုံးသည် အနာဂတ်မှာ ဖြစ်မည်။

(၁၂) အနာဂတ်မှာ ပြုလုပ်လတ့်ဖြစ်၍ အနာဂတ်မှာ အကျိုးပေးခွင့်မရသဖြင့် အကျိုးမပေးနိုင်တော့သည့် ကံမျိုး၊

## ကမ္မဝိပါက

ကမ္မဝိပါကသည် ကုသလကမ္မဝိပါက , အကုသလကမ္မဝိပါက ဟု ၂-မျိုးရှိ၏။ သဘာဝချင်းမတူ ကွဲပြားသော ကံ ၂-မျိုးတို့၏ အကျိုးတရားကို “ဝိပါက”ဟု ခေါ်၏။ သို့သော် ကံကြောင့်ဖြစ်သော ရုပ်များကိုမူ “ဝိပါက” ဟု မခေါ်ရ။ “ကမ္မဇ” သို့မဟုတ် “ကမ္မ သမုဋ္ဌာန” ဟု သာ ခေါ်သည်။

ဝိပါက ဟူသော ဝေါဟာရဖြင့် ကံတရားနှင့် သဘာဝတူသော နာမ်တရား အချို့ကိုသာ ဖေါ်ပြသည်။

### ကုသလကမ္မဝိပါက

| ကုသလကမ္မ | ကုသလကမ္မဝိပါက |
|---|---|
| ကာမ ကုသလ<br>(၈) | မဟာဝိပါက (၈)<br>အဟေတုက ဝိပါက (၈) ၁၆ |
| ရူပါဝစရ ကုသလ<br>(၅) | ရူပါဝစရ ဝိပါက (၅)<br>၅ |
| အရူပါဝစရ ကုသလ<br>(၄) | အရူပါဝစရ ဝိပါက (၄)<br>၄ |

# ကာမာဝစရ ကုသိုလ်ကံ

ကာမာဝစရကုသိုလ်ကံ၏ အကျိုးပေးရာအခါသည် (၁) ပဋိသန္ဓိအခါ (၂) ပဝတ္တိအခါ ၂-မျိုးရှိ၏။ ထိုတွင် ပဋိသန္ဓိအခါ ဟူသည် အတိတ်ဘဝ စုတိ၏အခြားမဲ့၌ ဘဝကိုစတင်သည့် အလွန်တိုတောင်းလှသည့်အခါ တည်း။ ပဝတ္တိအခါ ဟူသည် ပဋိသန္ဓိအခါ ပြီးဆုံးချိန်မှ စ၍ စုတိမတိုင်မီ တစ်သက်တာ အချိန်ပိုင်း ဖြစ်၏။

## ပဋိသန္ဓိဝိပါက နှင့် ပဝတ္တိဝိပါက

| အချိန်အခါ | ကုသလဝိပါက | ဘုံ |
|---|---|---|
| ပဋိသန္ဓိ | ဥပေက္ခာသန္တီရဏ(၁)<br>မဟာဝိပါက (၈) | ကာမသုဂတိ<br>(၇) ဘုံ |
| ပဝတ္တိ | မဟာဝိပါက (၈) | ကာမသုဂတိ |
| | အဟေတုကဝိပါက<br>(၈) | ကာမ (၁၁) ဘုံ<br>ရူပ (၁၆) ဘုံ |

ရှင်းလင်းချက်

ကာမာဝစရကုသိုလ်ကံသည် ကာမသုဂတိဘုံ၌ ပဋိသန္ဓိအကျိုး ၉-မျိုးနှင့် ပဝတ္တိအကျိုး ၈-မျိုးကို ဖြစ်စေ၏။ အဟေတုကဝိပါက ၈-ခု ဟုဆိုအပ်သော ပဝတ္တိကျိုး ၈-မျိုးကိုမူ ကာမ ၁၁-ဘုံ , ရူပ ၁၆-ဘုံတို့၌ပါ ဖြစ်စေ၏။

## ကာမ ကုသိုလ်ကံ၏ မတူညီသော အကျိုးများ

| ကာမကုသိုလ်ကံ အမျိုးအစား | အကျိုးပေးရာအခါ | အကျိုးတရား |
|---|---|---|
| တိဟေတုကဉက္ကဋ္ဌ (၄) | ပဋိသန္ဓိအခါ | တိဟေတုက ပဋိသန္ဓိ(၄) |
| | ပဝတ္တိအခါ | ကုသလဝိပါက(၁၆) |
| တိဟေတုက (သြ) (၄)<br>ဒွိဟေတုက (ဉ) (၄) | ပဋိသန္ဓိအခါ | ဒွိဟေတုက ပဋိသန္ဓိ(၄) |
| | ပဝတ္တိအခါ | ဒွိဟေတုကဝိပါက (၄)<br>အဟေတုကဝိပါက (၈) |
| ဒွိဟေတုက (သြ) (၄) | ပဋိသန္ဓိအခါ | ဥပေက္ခာသန္တီရဏ (၁) |
| | ပဝတ္တိအခါ | အဟေတုကဝိပါက (၈) |

ရှင်းလင်းချက်

မဟာကုသိုလ်သည် တိဟေတုက , ဒွိဟေတုက အားဖြင့် ၂-မျိုးကွဲ၏။ ထိုတွင် တိဟေတုကသည် ဉက္ကဋ္ဌ , သြမက အားဖြင့် ၂-မျိုး၊ ဒွိဟေတုကသည်လည်း ဉက္ကဋ္ဌ , သြမက အားဖြင့် ၂-မျိုးကွဲပြား၏။

| | | |
|---|---|---|
| ၁ | တိဟေတုက | ဥက္ကဋ္ဌ |
| | | ဩမက |
| ၂ | ဒွိဟေတုက | ဥက္ကဋ္ဌ |
| | | ဩမက |

ထိုတွင် ကုသိုလ်ပြုစဉ် ရှေ့နောက်တွင် ကုသိုလ်သာ ဖြစ်ခြင်း၊ ပြန်လှန်အောက်မေ့သည့်အခါ ဝမ်းမြောက်ဝမ်းသာ ကုသိုလ်သာဖြစ်ခြင်းအားဖြင့် ထူးခြားသော ကုသိုလ်(တိဟိတ် , ဒွိဟိတ်)မျိုးကို "ဥက္ကဋ္ဌ (အကောင်းဆုံး)" ဟု ဆိုရ၏။ ထိုသို့ မဟုတ်မူ၍ ကုသိုလ်ပြုစဉ် ရှေ့နောက်တွင် အကုသိုလ်ဖြစ်ခြင်း၊ ပြန်လှန်အောက်မေ့သည့်အခါ ဝိပ္ပဋိသာရဖြစ်ခြင်း အားဖြင့် အားပျော့သွားသော ကုသိုလ်မျိုးကို "ဩမက (အညံ့စား)" ဟု ဆိုရ၏။

(၁) တိဟေတုက (ဥက္ကဋ္ဌ) ကုသိုလ်မျိုးသည် တိဟေတုက ပဋိသန္ဓေကျိုးကိုသာ ပေး၏။

(၂) တိဟေတုက (ဩမက) ကုသိုလ်မျိုးသည် ဒွိဟေတုက ပဋိသန္ဓေကျိုးကိုသာ ပေး၏။

(၃) ဒွိဟေတုက (ဥက္ကဋ္ဌ) ကုသိုလ်မျိုးသည် ဒွိဟေတုက ပဋိသန္ဓေကျိုးကိုသာ ပေး၏။

(၄) ဒွိဟေတုက (ဩမက) ကုသိုလ်မျိုးသည် အဟေတုက ပဋိသန္ဓေကျိုးကိုသာ ပေး၏။

ကာမကုသိုလ်အားလုံးသည် ပဝတ္တိကျိုးကိုပေးရာ၌ မိမိနှင့်တူသောအကျိုး, မတူသောအကျိုးများကိုလည်း ပေးနိုင်သည်ဟူ၍ မှတ်။

## ရူပါဝစရကုသိုလ်ကံ

ရူပါဝစရကုသိုလ်ကံ (၅)ခုသည် မိမိနှင့်တူသောအကျိုးကိုသာ ပေး၏။ ထို ရူပါဝစရကုသိုလ်ကို ဟီန(ပရိတ္တ)၊ မဇ္ဈိမ၊ ပဏီတ အားဖြင့် သုံးမျိုးခွဲရ၏။ ထို ရူပကုသိုလ်ကံသည် တူသောအကျိုးကို ပေးသော်လည်း အဆင့်အတန်း မတူညီမှုကို ဖြစ်စေ၏။

## ရူပါဝစရ ကုသိုလ်ကံ

| ရူပကုသိုလ် | အရည်အသွေး | အကျိုး ဝိပါက် | ဖြစ်ရာဘုံ |
|---|---|---|---|
| ပဌမဈာန်ကုသိုလ် | ဟီန | ပဌမဈာနဝိပါက | ဗြဟ္မပါရိသဇ္ဇ |
| | မဇ္ဈိမ | | ဗြဟ္မပုရောဟိတ |
| | ပဏီတ | | မဟာဗြဟ္မာ |
| ဒုတိယနှင့် တတိယဈာန် ကုသိုလ် | ဟီန | ဒုတိယဈာနဝိပါက တတိယဈာနဝိပါက | ပရိတ္တာဘာ |
| | မဇ္ဈိမ | | အပ္ပမာဏာဘာ |
| | ပဏီတ | | အာဘဿရ |
| စတုတ္ထဈာန် ကုသိုလ် | ဟီန | စတုတ္ထဈာနဝိပါက | ပရိတ္တသုဘာ |
| | မဇ္ဈိမ | | အပ္ပမာဏသုဘာ |
| | ပဏီတ | | သုဘကိဏှ |
| ပဉ္စမဈာန် ကုသိုလ် | | ပဉ္စမဈာနဝိပါက | ဝေဟပ္ဖလ |
| | | | အသညသတ္တ |
| | | | သုဒ္ဓါဝါသ |

(၁) ပဋိလဒ္ဓမတ္တံ အနာသေဝိတံ ပရိတ္တံ၊
နာတိသုဘာဝိတံ အပရိပုဏ္ဏဝသီဘာဝံ မဇ္ဈိမံ။
အတိဝိယ သုဘာဝိတံ ပန သဗ္ဗသော ပရိပုဏ္ဏဝသီဘာဝံ ပဏီတံ။

(၂) ဟီနေဟိ ဆန္ဒ စိတ္တဝီရိယဝီမံသာဟိ နိဗ္ဗတ္တိတံ ဝါ ဟီနံ၊
မဇ္ဈိမေဟိ ဆန္ဒာဒီဟိ မဇ္ဈိမံ၊ ပဏီတေဟိ ပဏီတံ။

## အကျိုးတူသော အရူပကံ

| စဉ် | အရူပကုသလကမ္မ | အရူပဝိပါက |
|---|---|---|
| ၁ | အာကာသာနဉ္စ | အာကာသာနဉ္စ |
| ၂ | ဝိညာဏဉ္စ | ဝိညာဏဉ္စ |
| ၃ | အာကိဉ္စည | အာကိဉ္စည |
| ၄ | နေဝသညာ | နေဝသညာ |

<u>မှတ်ချက်</u>

ရူပါဝစရကုသိုလ်ကံနှင့် အရူပါဝစရကုသိုလ်ကံတို့သည် မိမိတို့အကျိုး ပေးမည့်ဘုံ၌ ပဋိသန္ဓိအခါ , ပဝတ္တိအခါ ကွဲပြားခြားနားမှုမရှိဘဲ တူညီသော အကျိုးကို ဖြစ်စေကြ၏။

# အကုသလကမ္မ ၁၂-မျိုး

| အကုသိုလ်ကံ | အကျိုးပေးအခါ | ဘုံ | ကမ္မဝိပါက |
|---|---|---|---|
| လောဘမူလ ကံ (၈) | ပဋိသန္ဓိ | အပါယ် ၄-ဘုံ | အကုသလ-ဥပေက္ခာသန္တီရဏ |
| | ပဝတ္တိ | ကာမရူပ | အကုသလဝိပါက(၇) |
| ဒေါသမူလ ကံ(၂) | ပဋိသန္ဓိ | အပါယ် ၄-ဘုံ | အကုသလ-ဥပေက္ခာသန္တီရဏ |
| | ပဝတ္တိ | ကာမရူပ | အကုသလဝိပါက(၇) |
| ဝိစိကိစ္ဆာ ကံ (၁) | ပဋိသန္ဓိ | အပါယ် ၄-ဘုံ | အကုသလ-ဥပေက္ခာသန္တီရဏ |
| | ပဝတ္တိ | ကာမရူပ | အကုသလဝိပါက(၇) |
| ဥဒ္ဓစ္စ ကံ (၁) | ပဋိသန္ဓိ | × | × |
| | ပဝတ္တိ | ကာမရူပ | အကုသလဝိပါက |

## ရှင်းလင်းချက်

အကုသိုလ်ကံ ၁၂-မျိုးကို

(၁) ပဋိသန္ဓိကျိုးကိုသာ ပေးသောကံ

(၂) ပဝတ္တိကျိုးကိုသာ ပေးသောကံ

(၃) ပဋိသန္ဓိ ပဝတ္တိကျိုး ၂-မျိုးလုံးပေးသောကံ ဟု ခွဲခြားအပ်၏။ အမှတ် (၁) မှာ မရှိ၊ အမှတ် (၂) မှာ ဥဒ္ဓစ္စကံ(၁) ဖြစ်၏။ အမှတ်(၃) မှာ ကြွင်းကျန်သော အကုသိုလ်ကံ (၁၂) ဖြစ်၏။

# ဝိပါက ဘူမိ

## ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးပေးရာဘုံများ

| ဂဏ္ဍအမည် | သာမညအမည် | ဝိသေသအမည် |
|---|---|---|
| ကာမာဝစရဘုံ (၁၁) | အပါယ (၄)<br>[ ဒုဂ္ဂတိ (၄) ] | နိရယ<br>တိရစ္ဆာနယောနိ<br>ပေတ္တိဝိသယ<br>အသုရကာယ |
| | ကာမသုဂတိ (၇) | မနုဿ<br>စာတုမဟာ<br>တာဝတိံသာ<br>ယာမာ<br>တုသိတာ<br>နိမ္မာနရတိ<br>ပရနိမ္မိတာ |
| ရူပါဝစရဘုံ (၁၆) | ပဌမဈာနဘူမိ (၃) | ဗြဟ္မပါရိသဇ္ဇ<br>ဗြဟ္မပုရောဟိတ<br>မဟာဗြဟ္မာ |
| | ဒုတိယဈာနဘူမိ (၃) | ပရိတ္တာဘာ<br>အပ္ပမဏာဘာ<br>အာဘဿရ |
| | တတိယဈာနဘူမိ (၃) | ပရိတ္တသုဘာ<br>အပ္ပမာဏသုဘာ<br>သုဘကိဏှ |
| | စတုတ္ထဈာနဘူမိ (၂)<br>သုဒ္ဓါဝါသ (၅) | ဝေဟပ္ဖလ<br>အသညသတ္တ<br>အဝိဟာ စသည် |
| အရူပါဝစရဘုံ (၄) | စတုတ္ထဈာနဘူမိ | အာကာ<br>ဝိညာ<br>အာကိဉ္စ<br>နေဝ |

## အကုသိုလ်ကံ၏ အကျိုးပေးရာဘုံများ

ကံကြောင့် သတ္တဝါတို့၏ ဖြစ်ရာအရပ်ကို ဘူမိ (ဘုံ) ဟုခေါ်၏။ သတ္တဝါတို့၏ ဖြစ်ရာဘုံသည် (၃၁) ဘုံရှိ၏။

(၁) အကုသိုလ်ကံ၏ (ဥဒ္ဓစ္စစေတနာမှတစ်ပါး) ပဋိသန္ဓေကျိုးပေးရာဘုံသည် (၄) ဘုံ ရှိ၏။ အပါယ် ၄-ဘုံတည်း။ အကုသိုလ်ကံ၏ ပဝတ္တိကျိုးပေးရာဘုံသည် (၂၇) ဘုံရှိ၏။ ကာမ ၁၁-ဘုံ နှင့် ရူပ ၁၆-ဘုံ ၊ ပေါင်း ၂၇-ဘုံ တည်း။

## ကုသိုလ်ကံ၏ အကျိုးပေးရာဘုံများ

(၂) ကာမကုသိုလ်ကံ၏ ပဋိသန္ဓေကျိုးပေးရာဘုံသည် ၇-ဘုံ ရှိ၏။ ကာမသုဂတိ ၇-ဘုံတည်း။ ကာမကုသိုလ်ကံ ပဝတ္တိကျိုးပေးရာဘုံသည် ၂၇-ဘုံရှိ၏။ ကာမ ၁၁-ဘုံနှင့် ရူပ ၁၆-ဘုံ ၊ ပေါင်း ၂၇-ဘုံတည်း။

(၃) ရူပကံနှင့်အရူပကံတို့၏ အကျိုးပေးရာဘုံမှာ ပဋိသန္ဓေအခါ ပဝတ္တိအခါ တူညီစွာပင် သက်ဆိုင်ရာ ဈာန်အလိုက် ရူပဘုံ အရူပဘုံတို့၌သာ အကျိုးပေး၏။

## ဘုံ နှင့် ပဋိသန္ဓေ

သတ္တဝါတို့၏ ဖြစ်ရာဘုံနှင့် သတ္တဝါတို့၏ ဘဝအစပြုသော ပဋိသန္ဓေ (စိတ်) များကို မှတ်သားအပ်၏။

| ဘုံ | ပဋိသန္ဓေ (စိတ်) |
|---|---|
| အပါယ်ဘုံ | အကုသလဝိပါကဥပေက္ခာသန္တီရဏစိတ် |
| လူ့ဘုံ ၊ ဝိနိပါတိကအသုရာ | ကုသလဝိပါကဥပေက္ခာသန္တီရဏစိတ် |
| လူ့ဘုံ ၊ နတ်ဘုံ | မဟာဝိပါက (၈) |
| ပဌမဈာန်ဘုံ | ပဌမဈာန်ဝိပါက် |
| ဒုတိယဈာန်ဘုံ | ဒုတိယနှင့်တတိယဈာန်ဝိပါက် |
| တတိယဈာန်ဘုံ | စတုတ္ထဈာန်ဝိပါက် |
| စတုတ္ထဈာန်ဘုံ | ပဉ္စမဈာန်ဝိပါက် |
| အသညသတ္တဘုံ | ဇီဝိတနဝက ကလာပ |
| အရူပဘုံ | အရူပဝိပါက် |

<u>မှတ်ချက်</u>

ကုသလဝိပါက ဥပေက္ခာသန္တီရဏစိတ်သည် လူ့ဘုံ ဝိနိပါတိက အသုရာဘုံတို့၌ ပဋိသန္ဓေအဖြစ် ဆောင်ရွက်၏။ လူ့ဘုံဆိုသော်လည်း ကုသိုလ်မပြည့်ဝ ကံမကောင်း အကြောင်းမလှသည့် "ဝမ်းတွင်းကန်း" လူပုဂ္ဂိုလ်မျိုး၏သာ ပဋိသန္ဓေစိတ် ဖြစ်သည်။

## ကံ နှင့် ကမ္မဇရုပ်

ကမ္မဇရုပ်များကို ဖြစ်စေသော ကံသည် ၂၅-မျိုးရှိ၏။ အကုသိုလ်ကံ ၁၂-မျိုး၊ ကာမကုသိုလ် ၈-မျိုး၊ ရူပါဝစရကုသိုလ်ကံ ၅-မျိုး၊ ပေါင်း ၂၅-မျိုး တည်း။

ကမ္မဇရုပ်သည် ၁၈-မျိုးရှိ၏။ ထိုတွင် ကံကြောင့်သာ ဖြစ်စေနိုင်သော ဧကန်ကမ္မဇရုပ်သည် ၉-မျိုးရှိ၏။ ဇီဝိတရုပ်၊ ပသာဒရုပ် ၅-မျိုး၊ ဟဒယရုပ်၊ ဘာဝရုပ် ၂-မျိုး၊ ပေါင်း ၉-မျိုးတည်း။

ကံကြောင့်သာ ဖြစ်သည်မဟုတ်သော အနေကန်ကမ္မဇရုပ်သည် ၉-မျိုး ရှိ၏။ အဝိနိဗ္ဘောဂရုပ် ၈-မျိုး နှင့် အာကာသဓာတ်၊ ပေါင်း ၉-မျိုးတည်း။

### ဘုံ , ပုဂ္ဂိုလ် , ကမ္မဇရုပ်

| ဘုံ | ပုဂ္ဂိုလ် | ကမ္မဇရုပ် |
|---|---|---|
| ကာမဘုံ | သံသေဒဇ ဩပပါတိက | စက္ခုသောတ၊ဃာန၊ဇိဝှါ၊ကာယ ဘာဝ၊ဝတ္ထု၊ဇီဝိတ၊ (၈) အဝိနိဗ္ဘောဂ (၈) |
| | ဂဗ္ဘသေယျက | ကာယ၊ဘာဝ၊ဝတ္ထု၊ဇီဝိတ၊ (၄) အဝိနိဗ္ဘောဂ (၈) (ပဋိသန္ဓေအခါ) ပဝတ္တိအခါကျန်ကမ္မဇရုပ် ဆက်လက်ဖြစ်၏။ |
| ရူပဘုံ | ဩပပါတိက | စက္ခုသောတ၊ဝတ္ထု၊ဇီဝိတ၊အဝိနိဗ္ဘောဂ |
| အသညဘုံ | ဩပပါတိက | ဇီဝိတ၊ အဝိနိဗ္ဘောဂ (ပဋိသန္ဓေအခါ) |

# သေဆုံးခြင်း နှင့် ပြန်လည်မွေးဖွါးခြင်း

## သေဆုံးရခြင်းအကြောင်း

သတ္တဝါတစ်ဦး သေဆုံးရာ၌ အကြောင်း ၄-မျိုးရှိ၏။

(၁) သက်တမ်းကုန်ဆုံးမှုကြောင့်သေဆုံးခြင်း၊

(၂) ဘဝကိုဖြစ်စေသောကံ၏ အရှိန်အဝါကုန်သောကြောင့် သေဆုံးခြင်း၊

(၃) သက်တမ်းနှင့် ကံ ၂-မျိုးစုံ ကုန်သောကြောင့် သေဆုံးခြင်း၊

(၄) သက်တမ်းနှင့်ကံ မကုန်သော်လည်း ဘဝဟောင်းမှာဖြစ်စေ ယခုဘဝမှာဖြစ်စေ လုပ်ခဲ့သော ဥပစ္ဆေဒကံ၏ အစွမ်းကြောင့် သေဆုံးခြင်း၊

## သေဆုံးချိန် စိတ်ဖြစ်စဉ်

အကြောင်း ၄-မျိုးတွင် တစ်မျိုးမျိုးကြောင့် သေဆုံးချိန်၌ သေတော့မည့် သတ္တဝါ၏စိတ်မှာ ပုံရိပ် ၃-မျိုးတွင် တစ်မျိုးမျိုးသည် ကံ၏ဖန်တီးမှုဖြင့် လွှမ်းမိုးဖြစ်ပေါ်လာ၏။

ပုံရိပ်သုံးမျိုးမှာ-

(၁) ဘဝသစ်မှာ ပဋိသန္ဓေကျိုး ဖြစ်စေခွင့်ရရှိထားသော ကံ၊

(၂) ထိုကံကို ပြုလုပ်စဉ်က တွေ့ကြုံခဲ့သောအာရုံနှင့် အခြေအနေ ဟု ဆိုရသောကမ္မနိမိတ်၊

(၃) ဘဝသစ်၌ ကြုံတွေ့ခံစားရမည့်အာရုံနှင့် အခြေအနေဟု ဆိုရသော ဂတိနိမိတ်၊

ဤပုံရိပ် ၃-မျိုးမှ တစ်မျိုးမျိုးသည် ဒွါရ ၆-မျိုးတွင် တစ်မျိုးမျိုးမှ ဝင်ရောက်လာကာ အမြင်အာရုံ၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ စိတ်သိအာရုံ ပုံရိပ်အနေဖြင့် စိတ်အစဉ်ကို လွှမ်းမိုးထား၏။

ကုသိုလ်ကံက အကျိုးပေးခွင့်ရလျှင် စိတ်ချမ်းမြေ့ဖွယ်ပုံရိပ်၊ အကုသိုလ်ကံ အကျိုးပေးခွင့်ရလျှင် ကြောက်မက်ဖွယ်ပုံရိပ်များ ထင်လာကာ ဖြစ်လာမည့်ဘဝသို့ သွားရောက်ဖို့ ဦးတည်လျက် စဉ်ဆက်မပြတ် ဖြစ်နေ၏။

## ပြန်လည်မွေးဖွါးခြင်း

သေခါနီးအချိန်၌ ထင်ပေါ်လျက်ရှိသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ပုံရိပ်တစ်မျိုးမျိုးမှာပင် စိတ်ညွတ်လျက်ရှိစဉ် သေဆုံးမှုဖြစ်၏။

မသေမီတွင် ပေါ်ထင်လျက်ရှိသော အာရုံနိမိတ်ပုံရိပ်ကိုပင် စိတ်စွဲလျက် အဝိဇ္ဇာကြောင့်တွေဝေခြင်း၊ တဏှာကြောင့် စိတ်ညွတ်ခြင်း နှင့်အတူ အခွင့်ရထားသော ကံတရားသည် သန္ဓေမျိုးစေ့ကို ချပေးလိုက်၏။

ဤနေရာ၌ "ကမ္မံ ခေတ္တံ၊ ဝိညာဏံ ဗီဇံ၊ တဏှာ သနေဟော" ဟု ဘုရားဟောသည့်အတိုင်း ကံသည် စိုက်ခင်း ၊ ဝိညာဏ်သည် မျိုးစေ့ ၊

တဏှာသည် အစိုဓာတ်တို့ ပေါင်းစပ်လျက် ဘဝသစ်ကို ဖန်တီးလိုက်ခြင်းသာ ဖြစ်၏။

သတ္တဝါသည် သေဆုံးပြီးလျှင် ပြီးခြင်း ဘဝသစ်မှာ မွေးဖွါး၏။ သေဆုံးပြီးနောက် ဘဝသစ်မရောက်မီ အကြားကာလ ဆိုသည်မှာ မရှိ။ ချက်ခြင်း ပြန်လည်မွေးဖွါးခြင်းသာ ဖြစ်သည်။

ဘဝဟောင်းများက ကံတရားသည် ဘဝသစ်၌ သုခ ဒုက္ခကို ဖြစ်စေ၏။ ကံမှတပါး ဘဝဟောင်းမှ တစုံတရာပါသွားခြင်းမရှိ။ သို့ရာတွင် စိတ်စွဲလန်းမှု ပြင်းထန်ပါက ဘဝဟောင်းတွင် ရှိခဲ့သောအမှတ်အသား , စိတ်နေစိတ်ထားမျိုး ဖြစ်ပေါ်တတ်၏။

## စုတိ ပဋိသန္ဓိ စိတ္တဝီထိ

သေခါနီးကာလ၌ ဖြစ်လေ့ရှိသောမရဏာသန္နဝီထိသည် ပဉ္စဒွါရဝီထိ၊ မနောဒွါရဝီထိ ဟူ၍ နှစ်မျိုးရှိ။

ထိုတွင် ပဉ္စဒွါရဝီထိသည် စက္ခုဒွါရဝီထိ, သောတ, ဃာန, ဇိဝှါ, ကာယဒွါရဝီထိ ဟူ၍ ငါးမျိုး ကွဲပြား၏။ ထိုတွင် စက္ခုဒွါရဝီထိသည်လည်း-

(၁) ဇောနောက်စုတိကျသောဝီထိ၊

(၂) ဇော ဘဝင်နောက် စုတိကျသောဝီထိ၊

(၃) တဒါရုံနောက်စုတိကျသောဝီထိ၊

(၄) တဒါရုံ ဘဝင်နောက် စုတိကျသောဝီထိ ဟူ၍ ၄-မျိုးရှိ၏။

ဆွေမျိုးသားချင်းတို့က ယူဆောင်ပြသည့် ရူပါရုံဖြစ်စေ , ကံ၏အစွမ်းကြောင့် ထင်ပေါ်လာသည့် ရူပါရုံဖြစ်စေ အာရုံပုံရိပ်သည် အတီတဘဝင်စိတ်နှင့် ပြိုင်တူပေါ်လာပြီး စက္ခုဒွါရမှာ ထင်လာ၏။ ထိုအခါမှ စ၍ သေဆုံးချိန်နှင့် ပြန်လည်မွေးဖွါးချိန်မှာ စိတ်ဖြစ်စဉ်သည် စဉ်ဆက်မပြတ် ဖြစ်၏။

ထိုအချိန်မျိုး၌ ဟဒယဝတ္ထုရုပ် အားနည်းသောကြောင့် ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်သော ဇောစိတ်သည် ၅-ကြိမ်သာ ဖြစ်နိုင်၏။ စုတိကျပြီးနောက် ပဋိသန္ဓေစိတ်ပြီး ဘဝသစ် စတင်၏။

## စက္ခုဒွါရ မရဏာသန္နဝီထိ

ရူပါရုံ၏သက်တမ်း

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တီ | န | ဒ | ပ | စ | သံ | တီ | ဝု | ဇ | ဇ | ဇ | ဇ | ဇ | စု | ပဋိ | ဘ | ဘ |

ဘဝဟောင်း ဘဝသစ်

---

အဘိဓမ္မာအနှစ်ချုပ် အပိုင်း-၂ ပြီး၏။

# (၁) ကမ္မ ဝိဘာဂ္ဂ

## (၁) ကမ္မတရားကိုယ်

"ကမ္မ"ဟူသည် "ပြုလုပ်အပ်သောအမှု" ပင်တည်း၊ အမှုကို ပြုလုပ်စေသော အကြောင်းတရားကိုလည်း ကမ္မဟုပင်ခေါ်၏၊ ကမ္မ ကိုပင် မြန်မာဘာသာ၌ " ကံ " ဟု ဆိုသည် ။

ပြုလုပ်အပ်သော အမှုကို ကမ္မဟုခေါ်ရာ၌ ကမ္မသည် ၃-မျိုးရှိ၏၊ ၃-မျိုးကား -

(၁) ကာယကမ္မ = ကာယဖြင့် ပြုအပ်သော အမှု ၊

(၂) ဝစီကမ္မ = နှုတ်ဖြင့် ပြုအပ်သော အမှု၊

(၃) မနောကမ္မ = စိတ်ဖြင့် ပြုအပ်သော အမှု၊

မှတ်ချက်။ ။ ပြုလုပ်အပ်သော အမှုသည် ယေဘုယျအားဖြင့် ပြုလုပ်စေသော အကြောင်းကြောင့် ဖြစ်၏။ ထိုပြုလုပ်စေသော အကြောင်းကိုလည်း 'ကမ္မ 'ဟု ခေါ်ရသည်။

## (၂) ပြုလုပ်စေသော အကြောင်းတရား

ပြုလုပ်စေသော အကြောင်းတရားကို ကမ္မဟု ခေါ်ရာ၌ ကမ္မ ကို ၂-မျိုး ခွဲခြားနိုင်၏ ။

(၁) စေတနာ

(၂) စေတနာပါဝင်သော တရားစု

(စေတနာသမ္ပယုတ္တဓမ္မ)